# ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

# FIRST PRIVATE BANK LIMITED

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269.
095 1 251 748 ~ 749 / 246 786.

FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm

e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com
fpbbank@myanmar.com.mm


## ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ၆လ(နှစ်ဝက်)စာရင်းများ ကိုဘဏ်စီမံခန့်ခွဲရေးအဖွဲ့၏သုံးသပ်ဆွေးနွေးချက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏၃၁-၃-၂၀၂၀ရက်နေ့ကုန်ဆုံးသော(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေး နှစ် ဝက် (အောက်တိုဘာလမှမတ်လထိ)အတွက်ပြင်ပစာရင်းစစ်မစစ်ဆေးရသေးသော ဘဏ္ဍာရေး ရှင်းတမ်းများ နှင့် ပတ်သက်ပြီး ဘဏ်၏စီမံခန့်ခွဲရေးအဖွဲ့မှအောက်ပါအ တိုင်းသုံးသပ်တင်ပြအပ်ပါသည်။

## <u>(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေး နှစ် ဝက်(အောက်တိုဘာလမှမတ်လထိ) ဝင်ငွေနှင့်အသုံးစရိတ် ရှင်းတမ်းရှင်းလင်းချက်</u>

၁။ <u>ဝင်ငွေနှင့်အသုံးစရိတ်စာရင်း(Statement of Comprehensive Income)</u>

(က) <u>အတိုးဝင်ငွေများ(Interest Income)</u>

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်ဝက်(၆လ)တွင်ဘဏ်၏အဓိကဝင်ငွေဖြစ်သောအတိုးဝင်ငွေ(Interest Income) မှာယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ချေးငွေပမာဏမှာ **ကျပ်၁၀၃၉၃ သန်း** (၂၅.၆၄)ရာခိုင် နှုန်း လျော့နည်းပါသည်။လျော့နည်းရသည့် အဓိ ကအကြောင်းမှာမမျှော်လင့်ဘဲCovid-19ကြောင့်စီး ပွါးရေး လုပ်ငန်းများကျဆင်းသွားသောကြောင့်ဖြစ်ပါသည်။ ထို့အပြင်ချေးငွေကြွေးကျန်များထပ် မံတိုးလာသော ကြောင့် ချေးငွေအတိုး များ ကိုလည်းပြည့်ဝစွာမရရှိသောကြောင့်ဖြစ်ပါသည်။

(ခ) <u>အခြားဝင်ငွေများ (Other Income)</u>

ဘဏ်၏အတိုးဝင်ငွေအပြင်အခြားဝင်ငွေများဖြစ်ကြသောဝန်ဆောင်စရိတ်ရငွေများ၊မီးအာမခံကော်မရှင်နှင့် ငွေလွှဲလုပ်ငန်း ရငွေစသည့် ဝင် ငွေများမှာ ယခင်နှစ်အလားတူကာလထက်ငွေပမာဏကျပ်၁၂၃၂.၆၁သန်း (၇၉.၉) ရာခိုင် နှုန်း လျော့ နည်း ရရှိခဲ့ပါသည်။လျော့နည်းရသည့်အဓိကအကြောင်းမှာ ဘဏ်ချေးငွေအပေါ် ကောက်ခံသည့်ဝန်ဆောင် စရိတ် (၁%)ကိုယခင်ဘဏ္ဍာရေးနှစ်ကချေးငွေစတင်ထုတ်ချေးချိန်တွင်တစ်လုံး တစ်ခဲတည်းကောက်ခံ ရရှိ ခဲ့သော် လည်း ယခုဘဏ္ဍာရေးနှစ်တွင် (၁-၁၀-၂၀၁၉)မှစ၍ ငွေချေးသူများ

သက်သာစေရန် လစဉ်ခွဲ၍ ကောက်ခံ ခဲ့ သောကြောင့် ဝန်ဆောင်ခရငွေမှာ ကျပ် ၉၈၂.၉၆သန်း လျော့နည်းခဲ့ပါသည်။

**အသုံးစရိတ်များ (Expenses)**

(ဂ) **အပ်ငွေပေါ်ပေးရသောအတိုးစရိတ်(Interest Expenses)များ**

ဘဏ်အပ်ငွေများအပေါ်ပေးသောအတိုးစရိတ်များ(Interest Expenses) မှာလည်းယခင် ဘဏ္ဍာ ရေးနှစ်အလားတူကာ လ ထက် (၂၈.၁၄) ရာ ခိုင် နှုန်းလျော့နည်းပါသည်။ယင်းသို့လျော့နည်းရ ခြင်းမှာ အပ်ငွေပမာဏများလျော့နည်းခြင်းမရှိသော်လည်းအပ်ငွေများအပေါ်ပေးသောအတိုးနှုန်းများကို(၁-၁၀-၂၀၁၉) နေ့မှစ၍လျှော့ချခဲ့သော ကြောင့်ဖြစ်ပါသည်။

**(ဃ) စီမံခန့်ခွဲမှုစရိတ်များ(Operating Expenses)**

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ပထမခြောက်လအတွက်အသုံးစရိတ်(Operating Expenses) အပိုင်း တွင်ဝန်ထမ်း စရိတ်များ (Personnel Expenses)ကို (၄.၀၄) ရာခိုင်နှုန်း တိုးမြှင့်သုံး စွဲခဲ့ သော်လည်း အထွေထွေနှင့်စီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses) များတွင်( ၂ ) ရာခိုင်နှုန်းခန့် လျော့နည်း သုံးစွဲခဲ့ပါသည်။

၂။ **ဘဏ္ဍာရေးအခြေအနေရှင်းတမ်း(Statement of Financial Position)**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၃၁-၃- ၂၀၂၀ ရက်နေ့ရှိ(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်ဝက်အ ခြေအ နေရှင်းတမ်း ( Statement of Financial Position as at 31 March 2020)(Unaudited)အပေါ် ဘဏ်စီ မံခန့်ခွဲရေးအဖွဲ့မှ အောက်ပါ အ တိုင်းသုံးသပ်တင်ပြအပ်ပါသည်။

**(က)** **<u>ရရန်ပိုင်ခွင့်များ(Assets)</u>**

(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်ဝက်(၃၁-၃-၂၀၂၀)နေ့ရှိဘဏ်၏ငွေနှင့်ငွေသားကဲ့သို့တန်ဖိုးတူ ရ ပိုင် ခွင့် များ(Cash & Cash equivalents) မှာယခင်ဘဏ္ဍာရေးနှစ်နှင့်အလားတူကာလကထက် (၃၄.၇)ရာ ခိုင်နှုန်း ပိုများပါသည်။ချေးငွေနှင့်ရရန်ရှိများ (Loans and receivables) သည်ယခင်နှစ်အလားတူကာ လထက် (၅.၆၃)ရာခိုင်နှုန်းလျော့နည်းသွားပါသည်။သို့သော်၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဝက်ဖလတွင် ဘဏ်မှယုံကြည် စိတ်ချရသောဖောက်သည်ကောင်းများ၏လုပ်ငန်းများကိုဘဏ်အာမခံများ(Bank Guarantee) တိုးမြင့်ထုတ် ပေးခဲ့သောကြောင့်(Acceptnce, Endorsement & Guarantee ) စာရင်းလက်ကျန် မှာ ကျပ် ၈၉၉၉.၅၃သန်း တိုးခဲ့ပါသည်။ (Property Acquired Borrower) တွင်ယခင် ဘဏ္ဍာရေးနှစ် အလားတူ ကာလထက် ပိုတိုး ခဲ့ပါသည်။ အောင်လံမြို့မှငွေချေးသူတစ်ဦး၏ဘဏ် ချေးငွေကြွေး ကျန်အာမခံပစ္စည်းများ ကိုဘဏ်ခွဲ ဖွင့်လှစ် ရန်ရည် ရွယ်၍ဘဏ်ချေးငွေဖြင့်ခုနှိမ်ပြီးလေလံဆွဲဝယ်ယူ ခဲ့သော ကြောင့် စုစုပေါင်းရရန်ပိုင်ခွင့်(Total Assets) များမှာ ယခင်ဘဏ္ဍာရေးနှစ်အလားတူကာလထက် (၅.၃၄) ရာခိုင်နှုန်းတိုးလာပါသည်။

**<u>အစုရှင်များ၏ပိုင်ဆိုင်ခွင့်(Equity)</u>**

(ခ) အစုရှင်များ၏ပိုင်ဆိုင်ခွင့်(Equity) တွင်ဥပဒေအရလျာထားသီးသန့်ရန်ပုံငွေ(Statutory reserve)မှာ ယခင်ဘဏ္ဍာရေးနှစ်အလားတူကာလထက်(၁၀.၉၅)ရာခိုင်နှုန်းပိုမိုများလာပါသည်။မခွဲဝေသေးသည့် နှုတ်ချန် ထားသည့်ဝင်ငွေ စာရင်း (Retained Earning)မှာ ယခင်နှစ်အလားတူကာလထက် လက်ကျန် မှာ ကျပ် ၁၄၅.၈၄ သန်း (၉၂.၂၅) ရာခိုင်နှုန်းလျော့ နည်း သွားပါသည်။၄င်းမှာ ၂၄-၁၁-၂၀၁၉ ရက်နေ့က ကျင်းပပြု လုပ်ခဲ့သော ၂၈ ကြိမ်မြောက် နှစ်ပတ် လည်အထွေထွေအစည်းအဝေးကြီး တွင်အစုရှယ်ယာရှင်များ ၏သဘော တူ ဆုံးဖြတ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၆လ(၁-၄-၂၀၁၈ မှ၃၀-၉-၂၀၁၈) အတွက်အမြတ်ဝေစုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ(၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉)ကာလအတွက်အမြတ် ဝေစု များပေါင်း၍အစုတစ်စုလျှင်ကျပ် ၂၅၀၀ စီဖြင့်စုစု ပေါင်းအ မြတ် ဝေစုကျပ်သန်း (၆၁၈၀)ထုတ်ပေးခဲ့ ခြင်းကြောင့်ဖြစ်ပါသည်

**နိဂုံးချုပ်အားဖြင့်တင်ပြရလျှင်**၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၏နှစ်ဝက်ပထမ၆ လကာလဘဏ်လုပ်ငန်းများပုံမှန် ကောင်းမွန်စွာလည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ဘဏ်လုပ်ငန်းများကိုခေတ်မှီ Digital banking ဘဏ်လုပ်

ငန်းစနစ်သို့ပြောင်းနိုင်ရန်လည်းတဖက်မှဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။အသက်ရှူလမ်းကြောင်း ဆိုင်ရာ COVID 19 ကပ်ရောဂါကာလအတွင်းစီးပွားရေးလုပ်ငန်းများကျဆင်းလာသောကြောင့် ချေးငွေချေး ထားသူများမှအတိုး-အရင်းပေးသွင်းရမည့်ရက်များကိုရွှေ့ဆိုင်းပေးရခြင်းကြောင့်လည်း ချေးငွေအတိုး ဝင်ငွေများ မှာအပြည့်အဝကောက်ခံမရရှိခြင်းကြောင့်ဝင်ငွေမကျဆင်းစေရန်နှင့်ချေးငွေကြွေးကျန် များမဖြစ်စေရန် အစွမ်းကုန် ကြိုး စားဆောင်ရွက်လျှက်ရှိပါသည်။ဒါရိုက်တာအဖွဲ့၊စီမံခန့်ခွဲရေးအဖွဲ့တို့မှပထမ ပုဂ္ဂလိက ဘဏ်ရေ ရှည်တည်တန့်ပြီး တိုးတက်စေရန်အစဉ်အမြဲစဉ်းစား၍စီမံဆောင်ရွက်လျှက်ရှိပါသည်။

ညွှန်ကြားချက်အရ

(မြင့်ဇော်)

အမှုဆောင်အရာရှိချုပ်